# မြန်မာစာပေတွင်
# ဇင်းမယ်ပဏ္ဍာသ၏ဩဇာသက်ရောက်မှု

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မသန်းသန်းလှိုင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် "မြန်မာစာပေတွင် ဇင်းမယ်ပဏ္ဏာသ၏ ဩဇာသက်ရောက်မှု" ကို လေ့လာသောကျမ်း ဖြစ်သည်။ "ဇင်းမယ်ပဏ္ဏာသကျမ်း"လာ ဇာတ်ဝတ္ထုများကို အခြေခံပြီး ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ဖန်တီးရေးဖွဲ့ ထားသော စာပေအဖွဲ့များသည် မြန်မာစာပေ၌ မည်သို့ ရပ်တည်ခဲ့သည်၊ မည်သို့ ဩဇာသက်ရောက်မှု ရှိခဲ့သည်ကို လေ့လာတင်ပြရန် ရည်ရွယ်ပါသည်။ ဇင်းမယ်ပဏ္ဏာသနှင့် သက်ဆိုင်သော အချက် အလက်များကို ဦးစွာလေ့လာတင်ပြပြီး၊ ဇင်းမယ်ပဏ္ဏာသနှင့် ပတ်သက်၍ စာပေပညာရှင်များ၏ အယူအဆများကိုဖော်ထုတ်တင်ပြပါသည်။ ပြီးနောက် ဇင်းမယ်ပဏ္ဏာသကျမ်းကို အခြေခံပြီး ဖန်တီးရေးဖွဲ့ထားသော မြန်မာစာပေနယ်ရှိ ကဗျာ၊ စကားပြေ နယ်ပယ်နှစ်ရပ်လုံးကို ဖော်ထုတ် တင်ပြပါသည်။ ကဗျာလင်္ကာနယ်တွင် ပျို့ကဗျာများနှင့် ရကန်၊ စကားပြေနယ်တွင် ဇာတ်တော်ကြီးများ၊ ပြဇာတ်များ၊ နိဿယပြန်၊ စကားပြေကျမ်း၊ ဘာသာပြန်၊ ဟောစာ၊ ဝတ္ထု၊ ဇာတ်ညွှန့်တို့ကို လေ့လာတင်ပြထားပါသည်။ ဇာတ်သဘင်ပိုင်းတွင် မဏိကက်နောက်ပိုင်းဇာတ်၊ ဒွေးမယ်နော် နောက်ပိုင်းဇာတ်တို့ကို လေ့လာတင်ပြထားပါသည်။ လေ့လာရာတွင် ဇင်းမယ်ပဏ္ဏာသကို အခြေခံ၍ ရေးဖွဲ့ဖန်တီးရာ၌ တူညီမှု၊ ကွဲလွဲမှု၊ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ချဲ့ထွင်မှု စသည်ဖြင့် ပြုပြင်ဖန်တီးထားသည်များကို တင်ပြထားပါသည်။ ဇင်းမယ်ပဏ္ဏာသ ဇာတ်ဝတ္ထုများထဲမှ အနုပညာ ဖန်တီးမှု အားကောင်းသော ဇာတ်ဝတ္ထုများကို ပညာရှင်များက ထပ်ကာထပ်ကာ ပုံစံမျိုးစုံဖြင့် ရေးဖွဲ့ကြသည်။ ဇင်းမယ်ပဏ္ဏာသဇာတ်ဝတ္ထုများသည် မြန်မာစာပေနယ်ပယ်၌သာမက မြန်မာ တိုင်းရင်းသားများဖြစ်သော ကယားလူမျိုး၊ ကရင်လူမျိုးတို့၏ အမျိုးသားရေးအမှတ်တံဆိပ်အဖြစ်လည်း ဩဇာသက်ရောက်မှု ရှိနေကြောင်း တင်ပြထားပါသည်။